# လူထုအခြေပြုကရင်အမျိုးသမီးများကွန်ရက်

**Karen Grassroots Women Network**

**Email: KGWN2018@gmail.com**


## လူမျိုးတုန်းသတ်ဖြတ်မှုအတွက် မြန်မာနိုင်ငံအပေါ် စွဲချက်တင်မှုကို လူထုအခြေပြု ကရင်အမျိုးသမီးများ ကွန်ရက်က ကြိုဆိုလိုက်သည်

၂၀၁၉ ခုနှစ်ဒီဇင်ဘာလ ၈ရက်။

လူထုအခြေပြု ကရင်အမျိုးသမီးများကွန်ရက်(KGWN)သည် ပဋိပက္ခဒဏ်ခံနေရသော ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် မြန်မာနိုင်ငံ၏ နိုင်ငံတော်အဆင့် တာဝန်ရှိသူများနှင့် စစ်တပ်အား စွဲဆိုလိုက်သည့် ဥပဒေကြောင်းအရ တရားစွဲဆိုမှုအသစ်နှစ်ခုနှင့် နိုင်ငံတကာရာဇဝတ်ခုံရုံး(ICC)က စုံစမ်းစစ်ဆေးမှုများကို အခွင့်အာဏာပေးလိုက်သည့်အပေါ် ကြိုဆိုလိုက်သည်။ ဤဥပဒေကြောင်းဆိုင်ရာ အရေးယူ ဆောင်ရွက်မှုသုံးခုစလုံးသည် မိမိတို့မြန်မာနိုင်ငံ၏ တရားမျှတမှုဆိုင်ရာ အရွေ့အပြောင်းအတွက် အထောက်အကူဖြစ်စေသည်။

၎င်းကိစ္စရပ်များသည် အစ္စလမ်မစ်နိုင်ငံများအဖွဲ့(OIC)တွင် ပါဝင်သော နိုင်ငံ ၅၇နိုင်ငံ၏ ထောက်ခံမှုများဖြင့် ဂမ်ဘီယာနိုင်ငံက နိုင်ငံတကာ တရားမျှတမှုဆိုင်ရာ ခုံရုံးတွင် အဆိုတင်သွင်းခဲ့ပြီး ၁၉၅၆ခုနှစ်က အာဂျင်တီးနားတွင် အဖွဲ့ဝင်ဖြစ်ခဲ့သော မြန်မာနိုင်ငံကို လူမျိုးတုန်းသတ်ဖြတ်မှု သဘောတူစာချုပ်ကို ချိုးဖောက်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂ၏ အချက်အလက်ရှာဖွေရေးမစ်ရှင်(FFM)သည် ရက်စက်ကြမ်းကြုတ်မှု၏ ရှင်းလင်းသော အထောက်အထားများကို အခြားသူများကဲ့သို့ပင် မှတ်တမ်းတင်ထားခဲ့ပြီးဖြစ်သည်။ မိမိတို့အနေဖြင့် မြန်မာစစ်တပ်၏ ကျယ်ပြန့်သော အဓမ္မပြုကျင့် ကျူးလွန်မှုများနှင့် ကျား-မအခြေပြုအကြမ်းဖက်မှုများ၏ အထောက်အထားများအ ပေါ် အထူး တုန်လှုပ်ခဲ့ရသည်။

၎င်းတို့သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများအပေါ် ဆယ်စုနှစ်များစွာ ချိုးဖောက်ကျူးလွန်မှုများအတွက် အပြစ်ပေး အရေးယူခံရမှုမှ ကင်းလွတ်နေခဲ့သည်။ ယင်းသို့ ချိုးဖောက်ကျူးလွန်သူများကို အပြစ်ပေးအရေးယူခြင်းအားဖြင့် ဥပဒေစိုးမိုးရေး တည်ဆောက်မှုအား ပြသရန် မိမိတို့အနေဖြင့် ပင်ပမ်းကြီးစွာ တောင်းဆိုခဲ့ကြပြီးဖြစ်သည်။ အမျိုးသမီးအစုအဖွဲ့များသည် ပဋိပက္ခကြားက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မှတ်တမ်းပြုစုခဲ့ကြပြီး ဥပဒေစိုးမိုးမှုယန္တရားအတွက်လည်း နှစ်ပေါင်းများစွာ စည်းရုံးလှုံ့ဆော်ခဲ့ကြပြီးဖြစ်သည်။  မိမိတို့အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား အရေးယူနိုင်ရန် ဆောင်ရွက်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ခြေလှမ်းများနှင့် တရားမျှတမှုအတွက် ကြိုးပမ်းအားထုတ်မှုများအပေါ် ကျေနပ်အားရကာ သွေးစည်းညီညွတ်စွာဖြင့် တောင်းဆိုသွားမည်ဖြစ်သည်။ မိမိတို့၏နိုင်ငံသည် တစ်နေ့တွင် တရားဥပဒေ စိုးမိုးမှုရှိသောနိုင်ငံဖြစ်လာမည်ဟု မျှော်လင့်ထားသော်လည်း ထိုနေ့မရောက်ခင်အထိ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို သယ်ဆောင်ပေးရန်နှင့် ဖြစ်ပွားနေဆဲဖြစ်သော ရာဇဝတ်မှုများ အဆုံးသတ်စေရန် နိုင်ငံတကာ၏ ဆောင်ရွက်မှုအပေါ် အားထားကာ အမှီသဟဲပြုနေရအုံးမည် ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် အမျိုးမျိုးသောယန္တရားများကို အသုံးပြုခဲ့ပြီးဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက အချက်အလက်ရှာဖွေရေးမစ်ရှင်(FFM)ကိုဖွဲ့စည်းခဲ့ပြီး တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ အခြေအနေများနှင့် အချက်အလက်များကို လေ့လာဆုံး ဖြတ်စေခဲ့သည်။ ၂၀၁၈-၂၀၁၉ခုနှစ်များတွင် ရက်စက်ကြမ်းကြုတ်သော ရာဇ ဝတ်မှုများ၏ သရုပ်မှန်ကို တွေ့ရှိဖော်ထုတ် ပြသခဲ့ကြရာ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ အချိန်ကြာမြင့်နေခဲ့သည်။

မြန်မာအစိုးရနှင့် စစ်တပ်သည် နိုင်ငံတကာတာဝန်ခံမှု ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့သော်လည်း ယင်းအမှုသစ်သုံးခုမှာ နောက်ဆုံးတွင် စစ်တပ်၏ ကျူးလွန်မှုကိုခံရသူများစွာအတွက် တရားမျှတမှုကို ဆောင်ကြဉ်းပေးနိုင်သည့် စင်မြင့်အဖြစ် ဖြစ်တည်လာရသည်။ ဤချိုးဖောက်ကျူးလွန်နေသူများသည် ရပ်တန့်ရမည်။ ဤစစ်တပ်၏ လက်အောက်တွင် နာကျင်ခံစားခဲ့ကြရသော အမျိုးသမီးများအနေဖြင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ကြုံ ခံစားခဲ့ရသော အမျိုးသမီးများထံသို့ သွေးစည်းညီညွတ်မှု၊ ခွန်အားနှင့် နေ့သစ်အတွက် မျှော်လင့်ချက်တို့ဖြင့် လက်ကမ်းလိုက်ပါသည်။

**ဆက်သွယ်ရန်-**

၁။ နော်ထူးထူး (+၆၆ ၈၇ ၂၀၅ ၁၈၅၆)
၂။ နော်လားရှီးထူး (+၉၅ ၉၇၈၁၂၀၃၆၀၂)